# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (September 01 - 07, 2024)

## စက်တင်ဘာလ ပထမအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် စက်တင်ဘာ ပထမအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၅၅ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၁၂ ဦးနှင့် အမျိုးသမီး ၇ ဦး ပါဝင်ပါသည်။
- စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၁၂ ဦးစီ သေဆုံးခဲ့ပါသည်။ မန္တလေးတိုင်းတွင် ၁၀ ဦး၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၉ ဦး၊ မကွေးတိုင်းတွင် ၆ ဦး၊ တနင်္သာရီတိုင်းတွင် ၃ ဦး၊ ကရင်နီပြည်နယ်တွင် ၂ ဦးနှင့် ရခိုင်ပြည်နယ်တွင် ၁ ဦးတို့ ဖြစ်ပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၄ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၄၇ ဦးတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၃ ခုတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် ကျေးရွာ ၈ ရွာ မီးရှို့ခံခဲ့ရပြီး၊ နေအိမ် ၁၂ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ ၈ ရွာ မီးရှို့ခံခဲ့ရပါသည်။

- ရှမ်းပြည်နယ်တောင်ပိုင်းတွင် နေအိမ် ၁၀ လုံးနှင့် တနင်္သာရီတိုင်းတွင် နေအိမ် ၂ လုံးတို့ ဖြစ်ကြပါသည်။

## ဖမ်းဆီးခံရမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၅ ခုတွင် စက်တင်ဘာလ ပထမအပတ်အတွင်း အရပ်သားပြည်သူ ၇၀ ဦး ဖမ်းဆီးခံခဲ့ရသည်။ မကွေးတိုင်းတွင် ၃၄ ဦး၊ ဧရာဝတီတိုင်းတွင် ၂၀ ဦး၊ တနင်္သာရီတိုင်းတွင် ၉ ဦး၊ မွန်ပြည်နယ်တွင် ၄ ဦး နှင့် ရခိုင်ပြည်နယ်တွင် ၃ ဦးတို့ ဖြစ်ကြပါသည်။

## လေကြောင်းမှ တိုက်ခိုက်မှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၇ ခုတွင် စက်တင်ဘာလ ပထမအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၂၉ ကြိမ်ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၈ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၆ ကြိမ်၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၅ ကြိမ်စီ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၃ ကြိမ်၊ ကရင်နီပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။

# စက်တင်ဘာလ ပထမအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

## တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ပထမအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၅၆ ကြိမ် ဖြစ်ပွားခဲ့သည်။ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၁၃ ကြိမ် ဖြစ်ပွားခဲ့သည်။ ကရင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၇ ကြိမ် ဖြစ်ပွားခဲ့သည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၅ ကြိမ်စီ၊ မကွေးတိုင်းတွင် ၄ ကြိမ်၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၃ ကြိမ်စီတို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ ချင်းပြည်နယ်၊ ကရင်နီပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲ ဖြစ်ပွားခြင်း လုံးဝမရှိပါ။

စက်တင်ဘာလ ပထမအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၄၇၃ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၃ ဦး ကျဆုံးခဲ့ပါသည်။

## ၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂)

### TNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နဲ့ မိုင် ၂၀ အကွာ တောင်ခမ်းရွာမှာရှိတဲ့ စစ်ကောင်စီတပ်ရဲ့ အမြောက်စခန်း ကွပ်ကဲမှုဌာနချုပ်ကို တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) နဲ့ ပူးပေါင်းအဖွဲ့က စက်တင်ဘာ ၄ ရက်မှာ သိမ်းယူလိုက်ပါသည်။

### AA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ဩဂုတ် ၇ ရက်မှ စတင်ပြီး သံတွဲမြို့နယ်အတွင်းမှ စစ်ကောင်စီ၏ လက်ကျန်စခန်းကြီးတစ်ခုဖြစ်သော ရေတပ် ပင်မရေငုပ်နှင့် ဆယ်ယူရေးတပ်စခန်း၊ ငင်းပတ်ဝန်းကျင်မှ အဆင့်ဆင့်ခုခံကြသော စစ်တပ် စစ်ကြောင်းများကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ ပြီး စက်တင်ဘာ ၅ ရက်တွင် အပြီးသတ်သိမ်းပိုက် ရယူနိုင် ခဲ့သည်။

### KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- စက်တင်ဘာ ၆ ရက်တွင် ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ပန်ဝါဒေသ လဝေ့ကျေးရွာအနီးရှိ စစ်တပ် လက်အောက်ခံ ပြည်သူ့ စစ်စခန်း ၁ ခုကို KIA က အပြီးသတ် တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့ရှိ စစ်ကောင်စီတပ် ကာကင်းစခန်းအချို့ကို ကချင်လွတ်လပ်ရေးတပ်မ တော် (KIA) ပူးပေါင်းတပ်က စက်တင်ဘာ ၆ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သည်။ တိုက်ပွဲအတွင်း စစ်သုံ့ ပန်း ၆၀ ကျော်နှင့် လက်နက် ၈၀ ကျော် သိမ်းဆည်းရမိခဲ့သည်။

**စက်တင်ဘာ ၁ ရက်နေ့မှ ၇ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




| Data of Myanmar Conflict 01-07, September 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | | 20 | | |
| **BAGO** | 3 | | 8 | | | | | | |
| **KACHIN** | 5 | | | | | | | | |
| **KARENNI** | | 1 | | | | 2 | | | |
| **KAYIN** | 7 | | | | | | | | |
| **MAGWAY** | 4 | 1 | 18 | 3 | 1 | 5 | 34 | | |
| **MANDALAY** | 3 | 5 | 10 | | | 10 | | | |
| **MON** | | | | | | | 4 | | |
| **RAKHINE** | 13 | 6 | 430 | | 1 | | 3 | | |
| **SAGAING** | 13 | 8 | 7 | | | 12 | | 8 | |
| **SHAN (North)** | 5 | 3 | | | 3 | 9 | | | |
| **SHAN (South)** | 3 | 5 | | | 7 | 2 | | | 10 |
| **TANINTHARYI** | | | | | | 3 | 9 | | 2 |
| **TOTAL** | **56** | **29** | **473** | **3** | **12** | **43** | **70** | **8** | **12** |

# Map of Myanmar Conflict ( September 01-07, 2024 )



## စက်တင်ဘာလ ပထမပတ်အတွင်း အခြားသိမှတ်ဖွယ်သတင်းများ

ဩဂုတ် ၂၆ ရက်မှ ၃၀ ရက်အတွင်း တရုတ် - မြန်မာနယ်စပ် တရုတ်ဘက်ခြမ်းမှာ ကချင်လွတ်လပ်ရေးတပ် - KIA ၊ ' ဝ' တပ် UWSA ၊ ကိုးကန့်တပ် - MNDAA ၊ တအာင်းတပ် - TNLA တို့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်အထူးသံတမန် မစ္စတာ တိန်ရှီကျင်းတို့ တဖွဲ့ချင်းအလိုက်သီးခြားစီတွေ့ဆုံခဲ့ပြီး မြောက်ပိုင်းဒေသတွင်း တိုက်ပွဲတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့တာလို့ BBC မှ တဆင့် သိရှိရပါသည်။

မြောက်ပိုင်းဒေသအတွင်း တိုက်ပွဲများနှင့် ပတ်သက်၍ ညီနောင်မဟာမိတ် (၃) ဖွဲ့ဖြစ်သည့် MNDAA၊ TNLA နှင့် ULA / AA တို့ကို အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်လိုက်သည်ဟု စက်တင်ဘာ ၂ ရက်တွင် စစ်ကောင်စီမှ ထုတ်ပြန်ကြေငြာခဲ့သည်။ MNDAA နဲ့ TNLA တို့ကို အမိန့်ကြော်ငြာစာ (၁ /၂၀၂၄) နဲ့ ထုတ်ပြန်သကဲ့သို့ ULA/ AA ကို အမိန့်ကြော်ငြာစာ (၂/၂၀၂၄) နဲ့ စစ်ကောင်စီ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

မြောက်ပိုင်း ညီနောင်မဟာမိတ် ၃ ဖွဲ့ကို စစ်ကောင်စီက အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ခြင်းအပေါ် နိုင်ငံရေးပါတီ ၂၅ ပါတီမှ ထောက်ခံရာတွင် ရခိုင်အခြေစိုက် ပါတီ ၃ ပါတီ ပါဝင်နေပါသည်။ ထိုပါတီ ၃ ပါတီမှာ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ၊ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီနှင့် ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီတို့ ဖြစ်ကြသည်။

လာအိုနိုင်ငံတွင် စက်တင်ဘာ ၄ ရက်မှ ၇ ရက်နေ့အထိ ကျင်းပမဲ့ (၂၁) ကြိမ်မြောက် အာဆီယံ ကာကွယ်ရေး ဦးစီးချုပ်များ အစည်းအဝေးကို မင်းအောင်လှိုင်ကိုယ်စား စစ်ကောင်စီရဲ့ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်လို့ စစ်ကောင်စီ သတင်းစာတွေက ဖော်ပြခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအမည်ခံ စစ်အုပ်စုကို တိုင်းပြည်နှင့် ပြည်သူလူထု၏ ရန်သူ (Enemy of the State) အဖြစ် သတ်မှတ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ NUG က စက်တင်ဘာ ၅ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။ စစ်အုပ်စုသည် မြန်မာနိုင်ငံအားအလုံးစုံပျက်သုဉ်းရေးကို ဦးတည်လုပ်ဆောင်နေသာ အဖွဲ့အစည်းဖြစ်ခြင်း၊ အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကို ပျက်စီးထိခိုက်စေသော အဖွဲ့အစည်းဖြစ်ခြင်းတို့ကြောင့် ထိုသို့ Enemy of the State အဖြစ် သတ်မှတ်ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ရှမ်းပြည်တိုးတက်ရေးပါတီ / ရှမ်းပြည်တပ်မတော် (SSPP/SSA)အဖွဲ့အဖြစ်ကနေ စစ်တပ်လက်အောက် ပြည်သူ့စစ်အဖြစ် အသွင်ကူးပြောင်းခဲ့တဲ့ စိန်ကျော့ပြည်သူ့စစ်ရာချီဟာ လက်နက်အပြည့်အစုံနဲ့ စက်တင်ဘာ ၅ ရက်တွင် ပြန်လည်ပူးပေါင်းလာတယ်လို့ SSPP က သတင်းထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။ စိန်ကျော့ ပြည်သူ့စစ်သည် SSA ကနေခွဲထွက်ပြီး ၂၀၁၀ ပြည့်နှစ်မှာ စစ်တပ်လက်အောက် ပြည်သူ့စစ်အသွင် ကူးပြောင်းခဲ့သော အဖွဲ့ ဖြစ်ပါသည်။

စစ်ကောင်စီက ကရင်နီနှင့် ရှမ်းပြည်မြောက်ပိုင်းတွင် ဆုံးရှုံးထားသော နယ်မြေများကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်မည့် စစ်ဆင်ရေးကို "ရန်နိုင်မင်း" စစ်ဆင်ရေးဟု အမည်ပေးထားပြီး လေကြောင်းထိုးစစ်နှင့် ခြေလျင်ထိုးစစ်များ ပူးတွဲဆောင်ရွက်နေကြောင်း သိရှိရသည်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency,**

**Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, PVTV,**

**Than Lwin Times, Khonumthung Burmese, The Nation Voive.**